“အသံ”

# တရုတ်ကွန်မြူနစ်ပါတီကို နိုင်ငံတကာအာစိုးရပါတီများမှချီးမွမ်း

အောက်တိုဘာလအလယ်ပိုင်းတွင် တစ်ကမ္ဘာလုံးက ကမ္ဘာ့အရှေ့ပိုင်းကို စူးစိုက်ကြည့်ရှုနေကြသည်။ ပြီးခဲ့သော(၅)နှစ်တွင် တရုတ်ကွန်မြူနစ်ပါတီသည် ၎င်း၏မှန်ကန်သော တရားဥပဒေစိုးမိုးရေးအတွေးအခေါ်နှင့် နည်းစနစ်ဖြင့် တရုတ်နိုင်ငံကိုဦးဆောင်ပြီး အကောင်အထည်ဖော်လုပ်ဆောင်ကာ ကြီးမားသော အောင်မြင်မှုရလဒ်ကို ရရှိနိုင်စေခဲ့သည်။ တရုတ်ကွန်မြူနစ်ပါတီသည် ကမ္ဘာ့နိုင်ငံအသီးသီးများအတွက် အသက်ဝင်လှုပ်ရှားဖွယ်ကောင်းသော စံနမူနာတစ်ခုဖြစ်လာခဲ့ပြီး တရုတ်ကွန်မြူနစ်ပါတီကို အမှတ်မြင့်ပေးကာချီးမွမ်းကြပြီး တရုတ်ကွန်မြူနစ်ပါတီ(၁၉)ကြိမ်မြောက် ပြည်လုံးကျွတ် ပြည်သူ့ကိုယ်စားလှယ်အစည်းအဝေးကို အထူးဂရုစိုက်နေကြပါသည်။

“ကျွန်တော်သည်သမ္မတရှီကျင့်ဖျင်၏ တရုတ်အိပ်မက်၊ နိုင်ငံအုပ်ချုပ်ရေး၊ ပြုပြင်ပြောင်းလဲမှု၊ တရားဥပဒေဖြင့်နိုင်ငံအုပ်ချုပ်၊ လာဘ်ပေးလာဘ်စားမှုတိုက်ဖျက်ရေးနှင့် တရုတ်နိုင်ငံငြိမ်းချမ်းစွာ ဖွံ့ဖြိုးရေးလမ်းကြောင်းကို လျှောက်လှမ်းသည့် အပိုင်းကဏ္ဍများအပေါ် အတွေးအမြင်သဘောထားများကို အထူးလေးနက်စွာမှတ်သားမိပါသည်”ဟု ကမ္ဘောဒီးယားဝန်ကြီးချုပ်၊ ကမ္ဘောဒီးယားပြည်သူ့ပါတီဥက္ကဋ္ဌ ဟုန်စိန်က ပြောကြားသည်။

တူရကီပြည်ချစ်ပါတီ ဒုတိယဥက္ကဋ္ဌ စော်နိပ်အော်ပေါလာထက်သည် တရုတ်ကွန်မြူနစ်ပါတီမှ ကိုယ်တိုင်ပြုပြင်ပြောင်းလဲဆန်းသစ်မှု၊ ကိုယ်တိုင်သန့်စင်မှုအပေါ် အထူးချီးမွမ်းခဲ့ပါသည်။ “တရုတ်နိုင်ငံကွန်မြူနစ်ပါတီ၏ လာဘ်စားမှုတိုက်ဖျက်ရေးအင်အားကြီးမားသည်မှာ စံချိန်မှီပြီးအလွန်ချီးကျူးသင့်ပါသည်။” “တရုတ်ကွန်မြူနစ်ပါတီသည် ယခုလက်ရှိကမ္ဘာပေါ်တွင် အကျိုးသက်ရောက်မှုအားအရှိဆုံးသော အစိုးရပါတီအနက်တစ်ခုဖြစ်ပါသည်။”

နိုင်ငံတော်ပါတီ၊ စည်းလုံးညီညွတ်ရုရှားပါတီသည် တရုတ်နိုင်ငံကွန်မြူနစ်ပါတီမှ ဘက်စုံပါတီကြီးကြပ်အုပ်ချုပ်ရေးလုပ်ဆောင်ချက်ကို “အထူးဂရုပြုပြီး အသေးစိတ်သုတေသနပြု” နေကြောင်း “တရုတ်နိုင်ငံတွင် အကောင်အထည်ဖော်လုပ်ဆောင်သော လာဘ်စားမှုတိုက်ဖျက်ရေးလုပ်ဆောင်ချက်များမှာ ရုရှားနိုင်ငံတွင်လည်းလုပ်ဆောင်နေပါသည်။” ဟု ရုရှားစည်းလုံးညီ ညွတ်ရေးရုရှားပါတီ အထွေထွေကော်မတီအဖွဲ့ဒုတိယအတွင်းရေးမှူး၊ နိုင်ငံစက်မှာလွှတ်တော်ကိုယ်စားလှယ်ရှယ်အယ် ကိုက်ရဲလက်ကျီနီရခက်က သုံးသပ်ပြောဆိုခဲ့သည်။

“တရုတ် ကွန်မြူနစ်ပါတီသည် တရုတ်ပြည်သူများအား ချမ်းသာကြွယ်ဝခြင်းကြီးမားစေသည့် လမ်းကြောင်းတွင် ဦးဆောင်လျှောက်လှမ်းရာ၌ အရေးပါသည့် ဦးဆောင်မှုအကျိုးလုပ်ဆောင်နေသည်။”ဟု အီဂျစ်ကွန်မြူနစ်ပါတီအထွေထွေအတွင်းရေးမှူးစလှပက် အာကျစ်လီကပြောသည်။ တရုတ်ကွန်မြူနစ်ပါတီ၏ ခိုင်မာသောဦးဆောင်မှုအောက်မှာ တရုတ်နိုင်ငံသည် စစ်မှန်သောတိုင်းရင်းသားစည်းလုံးညီညွတ်မှု တည်တံ့ရပ်တည်ရေးဖြစ်မြောက်လာခဲ့ပြီး ပုံမှန်အရင်းရှင်စနစ်နှင့်မတူသော ခေတ်မီနိုင်ငံဆီသို့ပြောင်းလဲသည့် လမ်းကြောင်းကို လျှောက်ထွက်ခဲ့သည်။ “တစ်ကမ္ဘာလုံးဆိုရှယ်လစ်ဝါဒလှုပ်ရှားမှု၏ အလံတစ်လက်ဖြစ်လာခဲ့သည်။”

“တရုတ်ကွန်မြူနစ်ပါတီ(၁၉)ကြိမ်မြောက် ပြည်လုံးကျွတ်ပြည်သူ့ကိုယ်စားလှယ်အစည်းအဝေးအစီရင်ခံစာထဲတွင် ‘ဖွံ့ဖြိုးတိုးတက်ရေးသည် သိပ္ပံနည်းကျသည့်ဖွံ့ဖြိုးတိုးတက်ရေးဖြစ်ရမည်။ ဆန်းသစ်၊ ညှိနှိုင်း၊ အစိမ်းရောင်၊ ဖွင့်လှစ်၊ အတူခံစားသည့် ဖွံ့ဖြိုးတိုးတက်ရေးကို ခိုင်မာစွာလုပ်ဆောင်ရမည်။’ဟု တင်ပြခဲ့သည်ကို နားကြားလိုက်သည့်အခါ တရုတ်နိုင်ငံအရှိန်အဟုန် တိုးတက်လာသည့် အကြောင်းအရင်းကို တစ်ခါတည်းနားလည်သဘောပေါက်သွားခဲ့သည်။” ဟု အင်ဒိုနီးရှား ရီယယ်အစိုးရတက္ကသိုလ်ကျောင်းဆရာ အာအယ်တန်းတီက တရုတ်ကွန်မြူနစ်ပါတီ(၁၉)ကြိမ်မြောက် ပြည်လုံးကျွတ် ပြည်သူ့ကိုယ်စားလှယ်အစည်းအဝေးအစီရင်ခံစာကို ဖတ်ရှုပြီးသည့်အချိန်က ပြောကြားခဲ့ပါသည်။

အမေရိကန်နိုင်ငံ《နိုင်ငံတကာနေ့စဉ်သတင်း》လုပ်ဆောင်ရေးမှူး၊ အထွေထွေအယ်ဒီတာချုပ် ကျူရီက တရုတ်ကွန်မြူနစ်ပါတီ(၁၉)ကြိမ်မြောက် ပြည်လုံးကျွတ် ပြည်သူ့ကိုယ်စားလှယ်အစည်းအဝေးအစီရင်ခံစာကို ပထမဆုံးအချိန်ကတည်းက လေ့လာကြည့်ရှုခဲ့သည်။ တရုတ်နိုင်ငံသည် တစ်ကမ္ဘာလုံးဖွံ့ဖြိုးတိုးတက်ရေးကို ဦးဆောင်မည့်နိုင်ငံအဖြစ် ဂလိုဘယ်လိုက်ဇေးရှင်းမည်သို့ဖွံ့ဖြိုးရမည့် အချက်အချာအချိန်တွင် အစီရင်ခံစာထုတ်ပြန်ခဲ့ခြင်းသည် ထောင်ချီသောင်းချီသော ဂရုစိုက်မှုများကို ဆွဲငင်နိုင်မည်ဖြစ်ကြောင်း သူကဖော်ပြခဲ့သည်။ ယခုတရုတ်နိုင်ငံသည် ဂလိုဘယ်လိုက်ဇေးရှင်း၏ အင်ဂျင်စက်ဖြစ်လာနေပြီဖြစ်သည်။

ဤသတင်းဌာန၏
အထွေထွေသတင်း

# နိုင်ငံရပ်ခြားရောက်တရုတ်ကုန်သည် ဇာတိမြေနှင့်အတူဖွံ့ဖြိုးတိုးတက်



များစွာသော တရုတ်ကုန်သည်များအတွက် တရုတ်နိုင်ငံသည် သူတို့စွဲလမ်းတမ်းတနေသော ဇာတိမြေသာမကဘဲ သူတို့ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဆက်မပြတ်အာဟာရများစွာ ထောက်ပံ့ပေးနိုင်သော ဇာတိမြေလည်းဖြစ်ပါသည်။ ပြီးခဲ့သော(၅)နှစ်အတွင်း တရုတ်နိုင်ငံ၏ သက်ဆိုင်ရာပေါ်လစီအဆက်အတွဲလုပ်ဆောင်သည့် နောက်ခံအောက်မှသူတို့သည် အောင်မြင်မှုရလဒ်ခံစားမှုကို သိသာစွာခံစားနိုင်ခဲ့သည်။ တရုတ်ကွန်မြူနစ်ပါတီ(၁၉)ကြိမ်မြောက် ပြည်လုံးကျွတ်ပြည်သူ့ကိုယ်စားလှယ်အစည်းအဝေးကို အောက်တိုဘာလ(၁၈)ရက်နေ့တွင်ဖွင့်လှစ်ခဲ့သည်။ တရုတ်နိုင်ငံသည် အချက်အချာအကျဆုံးအချိန်သို့ရောက်ရှိနေသည်။ အနာဂတ်ကိုမျှော်မှန်းသော် များစွာသောမျှော်လင့်ချက်များရှိနေကြသည်။

“ဒီ(၅)နှစ်ထဲမှာ လုပ်ငန်းရှင်လုပ်ရတာရလဒ်ခံစားမှုမှာ အဆက်မပြတ်မြင့်တင်နိုင်ခဲ့တယ်။” ဟု တရုတ်နိုင်ငံသို့ပြန်လည်ရောက်ရှိလုပ်ဆောင်နေသည့် ဂျာမဏီရောက်တရုတ်ကုန်သည် ဖုန်တင့်ရှမ့်က ခံစားချက်ကို ပြောဆိုခဲ့သည်။

“ဒီ(၅)နှစ်အတွင်း ကျွန်တော်သည် အလုပ်သမားကနေပြီး လုပ်ဆောင်တည်ထောင်သူဖြစ်လာခဲ့တယ်။ ပတ်သက်သည့်နယ်ပယ်ကလည်း စပျစ်ဝိုင်မှ ဒီဂျစ်တယ် အီလက်ထရော်နစ်ကော်မာရှယ်မှ အခုနိုင်ငံခြားပညာတော်သင်သည်အထိဖြစ်လာခဲ့တယ်။ ဒါတွေအားလုံးဟာ တရုတ်နိုင်ငံမှသက်ဆိုင်ရာပေါ်လစီများမှရရှိတဲ့အကျိုးဖြစ်ပါတယ်။”ဟု ဩစတြေးလျ လူငယ်ကုန်သည် ဖုကျိထောက်ကပြောသည်။ “ဥပမာအားဖြင့် စပျစ်ဝိုင်လုပ်ငန်းအနေနဲ့ပြောရင် တရုတ်ဩစတြေးလျလွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက် ချုပ်ဆိုလိုက်ခြင်းကြောင့် အကောက်ခွန်နှစ်စဉ်လျော့နည်းလာစေခဲ့တယ်။ ငွေအရင်းလျော့နည်းခြင်းကြောင့် ကျွန်တော်တို့စပျစ်ဝိုင်အရည်အသွေးကို ပိုမိုမြင့်တင်လာနိုင်ခဲ့ပြီး ယှဉ်ပြိုင်အားပိုမိုများပြားလာစေခဲ့တယ်။”

ယခုနှစ်ပိုင်း တရုတ်နိုင်ငံသည် နိုင်ငံအများနှင့် လွတ်လပ်ကုန်သွယ်ရေးသဘောတူချက်ကိုချုပ်ဆိုခဲ့ရာ တရုတ်ကုန်သည်များအတွက် ဖွံ့ဖြိုးတိုးတက်ရေးအခွင့်အရေးအသစ်များ သယ်ဆောင်ပေးနိုင်ခဲ့သည်။

“လွတ်လပ်သည့် ကုန်သွယ်ရေးသဘောတူစာချုပ် ချုပ်ဆိုပြီးသည့်နောက်ပိုင်း တရုတ်နယူးဇီလန်သွားလာရေးမှာ ပိုမိုများပြားလာပါသည်။ အထူးသဖြင့် ၂၀၁၄ခုနှစ်တရုတ်နိုင်ငံသမ္မတရှီကျင့်ဖျင်က နယူးဇီလန်သို့လာရောက်လည်ပတ်ပြီးနောက် တရုတ်နယူးဇီလန်ဆက်ဆံရေးအတွက် ဖွံ့ဖြိုးတိုးတက်မှုကိုဆွဲဆောင်လာနိုင်ခဲ့သည်။ နယူးဇီလန်သို့လာရောက်လည်ပတ်သည့် တရုတ်လူမျိုးများပြားလာပြီး ယခုနှစ်ယခုအထိ လူပေါင်း(၅)သိန်းခန့်ရှိနေပါပြီ။”ဟု နယူးဇီလန်တရုတ်ကုန်သည် ဟောရှောင်ဖုန်ကပြောသည်။ “ဒီနှစ်ပိုင်းတရုတ်နိုင်ငံမှာနာမည်ကြီးတဲ့လုပ်ငန်းတွေဟာ နယူးဇီလန်လုပ်ငန်းအများနှင့်အတူ ဝယ်ယူသို့မဟုတ် အစုရှယ်ယာပါဝင်ခဲ့ကြတယ်။ ဒါဟာတရုတ်နိုင်ငံမှာနယူးဇီလန်တံဆိပ်အရောင်းအားအတွက် အကျိုးပေးသည်သာမက ကျွန်တော်တို့လည်းတက်ကြွတဲ့ထိရောက်မှုများ ရရှိပါတယ်။ ဒါဟာစစ်မှန်တဲ့ အကျိုးတူအတူတကွအောင်မြင်ခြင်းဖြစ်ပါတယ်။”

တရုတ်နိုင်ငံ၏အနာဂတ်ဖြစ်စေ မိမိ၏အနာဂတ်ဖြစ်စေ သတင်းယူသည့်တရုတ်ကုန်သည်အားလုံးသည် ယုံကြည်ချက်အပြည့်အဝရှိနေပါသည်။

“တရုတ်ကွန်မြူနစ်ပါတီ(၁၉)ကြိမ်မြောက်ပြည်လုံးကျွတ်ပြည်သူ့ကိုယ်စားလှယ်အစည်းအဝေးပြီးနောက် တရုတ်နိုင်ငံလုပ်ငန်းများနှင့် ပိုမိုရင်းနှီးသောပူးပေါင်းဆောင်ရွက်မှု လုပ်ဆောင်နိုင်ရန် ကျွန်တော်တို့မျှော်လင့်ပါတယ်။ အချင်းချင်းပိုမိုမြင့်မားတဲ့အဆင့်သို့ ရောက်အောင်တွန်းတင်ကြပါစို့။”ဟု အနာဂတ်အပေါ် ဟောရှောင်ဖုန်က ယုံကြည်မှုအပြည့်အဝရှိနေပါသည်။

“အနာဂတ်က နေ့ရက်တိုင်းမှာပြောင်းလဲမှုပြည့်ဝနေမှာပါ။ တရုတ်နိုင်ငံရဲ့ဖွံ့ဖြိုးတိုးတက်မှုအလိုက် စီးပွားရေးအခွင့်အလမ်းများစွာသည် ကျွန်တော်တို့သွားရောက်ဖွံ့ဖြိုးရန် စောင့်မျှော်နေပါတယ်။”ဟု ဖုကျိထောင်က ပင်လယ်ရပ်ခြားရောက် တရုတ်ကုန်သည်များ၏ ရင်တွင်းစကားကို ပြောထွက်လာပါသည်။

(ကျန်းဟုန်《ပြည်သူ့နေ့စဉ်သတင်းစာ ပြည်ပကော်လံ》)